ကျေးဇူးတင်ပါတယ်။ ကျွန်မ အမိနိုင်ငံကနေ ဖေဖော်ဝါရီမှာ ထွက်လာခဲ့ပါ တယ်။ အခုဆိုရင် တစ်နှစ် ပြည့်ခဲ့ပါပြီ။ တစ်နှစ်တာလုံး ဘုရားရှင်၏ လမ်းပြပို့ဆောင် မစမှုကြောင့် အဆီးအတားနှင့် အတူ နှောင့်ယှက်မှုအပေါင်းမှ အောင်မြင် ကျော်လွှားနိုင်ခဲ့ပါတယ်။ ကျွန်မ အလုပ်လုပ်ရတဲ့အိမ်မှာ အဖေ၊ အမေ၊ ကလေးတစ်ယောက် အဘိုး အဘွား စုစုပေါင်း မိသားစု ၅ယောက်ရှိပါတယ်။ အရာရာတိုင်းကို ကျေးဇူးတော်ချီးမွမ်းပြီး နေလာခဲ့တာ မထင်မှတ်ဘဲ တစ်နေ့မှာ ဆရာမရဲ့ အဖေက စကားတခွန်းပြော လာပါတယ်။ ညတုန်းကနင့်ကို အိမ်မက် မက်တယ်တဲ့။ ကျွန်မ ထင်တယ် မဟုတ်မှလွဲရော။ မဟုတ် မဟတ်တာတော့ သေချာပြီ ဆိုတဲ့အတိုင်းဘဲ သူ့အိမ်မက်တဲ့အကြောင်းကို ပြောပြတယ်။ ဒါနဲ့ ကျွန်မက သူ့ကို အခုနင့်အသက် ဘယ်လောက်ရှိပြီလဲလို့မေးတော့ (၆၁) နှစ်တဲ့။ အိမ်မက်အကြောင်းကို မစဉ်စားနဲ့ နင်သေရင် ဘယ်ကို သွားမှာလဲ ဆိုတာကို စဉ်းစားပါလို့ပြောလိုက်ပါတယ်။

ဒီတော့သူက ကျွန်မကို ဘာပြောလဲဆိုရင် ငါ့မှာ ဘုရားမရှိဘူး။ ဘုရားကို ငါ မသိဘူး၊ ငါသိတာ ငွေဘဲတဲ့။ အေး ကျွန်မမှာ ဘုရားရှိတယ်။ ဘုရားက ကျွန်မကို ဖန်ဆင်းတယ်။ ကျွန်မကို ကယ်တင်တယ်။ ကျွန်မ သူ့ကို ယုံကြည်တယ်။ ဒီလိုစကားမျိုးလည်း ပြောရော သူ သိပ်အလိုမကျတော့ဘူး။ ဒီလို ဘဲ ရေလိုက် ငါးလိုက် နေလာခဲ့တယ်။ ဒီဇင်ဘာလလည်း ရောက်ရော တစ်ခါ ထပ်ပြီး ပြောပြန်ရော။ ဒီတစ်ခါ ဘာပြောလဲဆိုရင် ကျွန်မ ဘုရားကျောင်းကို သူ လိုက်ပါရစေတဲ့။ ဘာကြောင့်လဲ မေးတော့ သူက ကျွန်မကို ချစ်တယ်တဲ့ ကျွန်မ အထွေအထူး မပြောတော့ဘူး။ နင်လိုက်ချင်ရင် နင့်မိန်းမကို အရင် သွားပြောလို့ ကျွန်မက သူ့ကို ပြောတော့ ကိစ္စမရှိဘူးလို့ ပြောတယ်။ တကယ်တမ်းတော့လည်း လိုက်မလာရဲပါဘူး။ (သူတို့အတွက် ဒီလိုလုပ်ရပ်မျိုးတွေက ရရင် အမြတ်။ မရရင် အရင်း ဆိုတဲ့ သဘောမျိုးပါဘဲ) ကျွန်မဟာ ဒီအိမ်မှာ နေတုံး နေ့တိုင်းကျမ်းစာဖတ် ဆုတောင်းတယ်။ ဘုရားသခင်ကို ဆုတောင်းရင် ကျွန်မ ဒီအိမ်မှာ နေထိုင်တာ အလင်း ဖြစ်စေပါ။ ဆား တပွင့် ဖြစ်စေပါလို့ ဆုတောင်းတယ်။ ဘာဖြစ်လို့ ဒီလို ဆုတောင်းရတာလဲဆိုရင် သူတို့က ယုံကြည်သူတွေ မဟုတ်တဲ့အတွက် ကိုယ့်ကိုကြည့်ခြင်းအားဖြင့် စစ်မှန်သော ခရစ်ယာန် အသက်တာကို မြင်စေဘို့ဘဲ။ နောက်ဆုံး ကျွန်မ ဘုရားကို ဆုတောင်းတယ်။ ကိုယ်တော် ဒီအိမ်မှာ နေလို့တော့ မဖြစ်တော့ဘူး ကိုယ်တော် အလိုတော်ရှိမယ်ဆိုရင် ကာကွယ်ပါ။ အလိုတော် မရှိဘူးဆိုရင် ဒီတစ်ပတ်ထဲမှာဘဲ လမ်းဖွင့်ပေးပါ။ ဒီလိုဘဲ ဆုတောင်းလိုက်တယ်။ ဒီအချိန် မှာ ဘုရားရှင်ဟာ ကျွန်မရဲ့ ဆုတောင်းသံကို နားထောင်သည်သာမက တိကျ သော အချိန်၊ မှန်ကန်သော အဖြေကို ပေးခဲ့ပါတယ်။

စနေနေ့လည်း ရောက်ရော မထင်မှတ်ဘဲ ဆရာမက ကျွန်မကို စကားတစ်ခွန်းပြောတယ်။ အခု ဒီအဖေဟာ ငါ့အဖေ အရင်း မဟုတ်ဘူးတဲ့။ ကျွန်မ တကယ်ကို အံ့သြသွားတယ်။ ချက်ခြင်း ဘုရားရှင်ကို ချီးမွမ်းလိုက် တယ်။ ဘုရားရှင် ငါ့ကို လမ်းဖွင့်ပေးနေပြီ။ ငါ့အတွက် အလုပ်လုပ်နေပြီဆိုပြီး ပါးစပ် ကနေလည်း လွှတ်ကနဲ ထွက်သွားတာက အန်ကယ်ဟာ အရမ်းဆိုး တယ်နော်လို့။ ဆရာမက ဘာကြောင့် ဒီလိုပြောတာလဲတဲ့။ ဒီတော့ ကျွန်မ လည်း မထူးတော့ဘူးဆိုပြီး ဖြစ်ပုံကို အစကနေ အဆုံးထိ ဖွင့်ချလိုက်မိတယ်။ ဒီတော့ ဆရာမက ရှက်လည်းရှက် ဒေါသလည်း ထွက်မိတယ်။ ဘာကြောင့် အစောကြီးထဲက ဖွင့်မပြောရတာလဲ။ သူက ကျွန်မကို ခြိမ်းခြောက်တယ်။ ဘယ်သူ့ကိုမှ ဖွင့်မပြောရဘူး။ ပြောရင် သတ်မယ်တဲ့။ ဘယ်လိုဘဲ ပြောပြော ကျွန်မ သူ့ကို ဂရုလည်း မစိုက်ဘူး၊ ကြောက်လည်း မကြောက်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုးကွယ်တဲ့ ဘုရားရှင်ဟာ အသက်ရှင်သော ဘုရား၊ အရာခပ်သိမ်းကို မြင်သိ၊ တတ်စွမ်းတယ်။ ဒါ့ကြောင့် ဒီအိမ်ကနေ ထွက်သွားဘို့ ဘုရားရှင်ကို ပြောတာက ကျွန်မ၊ ဒါပေမယ့် ဘုရားရှင် အလိုတော်မရှိဘူး။ နောက်ဆုံး အဘိုးနှင့်အဘွား၊ ဒီအိမ်ကနေ ထွက်သွားလိုက်ရတယ်။ အခုလိုဖြစ်ပုံကို ပြောပြတာ ယုံရဲ့လားလို့ ဆရာမကို ကျွန်မက မေးတယ်။ သူက ဘာပြောလဲဆိုတော့ နင့်ကိုယုံတယ်၊ နင်ဟာ ဘုရားကို ချစ်တယ်။ နင့်ကို ကြည့်တာနဲ့ နင်ပြောလာတာတွေဟာ အမှန်ဘဲဆိုတာသိတယ်တဲ့။ အခုဆိုရင် ကျွန်မကို ပြဿနာရှာတဲ့သူ အိမ်မှာမရှိ တော့ပါဘူး။ အေးအေးဆေးဆေး အလုပ်ဆက်လုပ်ခွင့်ရခဲ့ပါတယ်။ ကျွန်မ မကောင်းပါ။ ဘုရားရှင် သာလျှင် ကောင်းမြတ်ပါတယ်။ ဘုရားရှင်၏ နာမတော်သည် ကမ္ဘာအဆက် ဆက်ဘုန်းကြီးပါစေ။ အာမင်။ ။ နာမတော်မြတ်၌ –**(နှာနှာ)**

ကိုယ်ပိုင်အိမ် လိုပါဘဲ။ ဘာကြောင့်လဲဆိုတော့ ဒီအိမ်ရဲ့ အောက်ခြေသိမ်း အစမှ အဆုံးထိ ကျွန်မကို လုပ်ဆောင်ဖို့ အိမ်ရှင်က တာဝန် ပေးထားလို့ပါဘဲ။ ကျွန်မရဲ့ အိမ်ရှင်မ က အိမ်ရဲ့ ကိစ္စမှန်သမျှ၊ ပစ္စည်းမှန်သမျှ ကျွန်မဘဲ ရှင်းလင်းပေးရတယ်လေ။ ကျွန်မရဲ့အိမ်မှာ ကလေးသုံးယောက် ရှိပါတယ်။ သုံးယောက်စလုံး စရိုက်တစ်မျိုးစီပါဘဲ။ ဦးနှောက် အခြောက်ဆုံး ကတော့ ကျွန်မပါဘဲ။ ဒီကလေးတွေကို ငယ်ငယ်လေး ကတည်းက ထိန်း ကျောင်းလာတဲ့အတွက် သူတို့ရဲ့ စိတ်ထားလေးတွေကို အတွင်းကျကျ သိ ထားသူဖြစ်ပါတယ်။

သား အကြီးဆုံးက အခုဆိုရင် ကောလိပ်တက်နေပါပြီ။ ကောလိပ်တက်ဖို့ လျှောက်လွှာတင်ရမဲ့ အချိန်ကျမှ သူလိုအပ်တဲ့ ၂၀၀၇ခုနှစ်၊ မှတ်တမ်းစာရွက် ပျောက်နေကြောင်း ကျွန်မကိုပြောပါတယ်။ ကျွန်မက သူ့အခန်း၊ သူ့ရဲ့ ပစ္စည်း မှန်သမျှ ရှင်းလင်းပေးသူ ဆိုတော့ ကျွန်မက တရားခံ ဖြစ်နေပြီလေ။ ကျွန်မကို အိမ်ရှင်မ ကမေးတယ်။ နင်များ မတော်တဆ လွှင့်ပစ်လိုက်သလား တဲ့။ ကျွန်မက မလွှင့်ပစ်ကြောင်း ပြန်ပြောပါတယ်။ သူ့သားကို မေးကြည့် တော့လည်း သူ မမှတ်မိဘူးတဲ့။ ကျွန်မ စာအုပ်ဗီရိုကို ရှင်းရတော့မယ်။ သူတို့ ကောလိပ်တက်ဖို့ အတွက် ပြီးခဲ့တဲ့ နှစ်တွေက Sec-1, Sec-2, Sec-3, Sec-4 ဆိုတဲ့ နှစ်စဉ် မှတ်တမ်းစာရွက် ရှိမှဖြစ်တယ်။ အဲဒီ လေးနှစ်စာ စာရွက်ပုံကို ကြည့်ပြီး ကျွန်မ ရူးချင် လာတယ်။ အဲဒီမှတ်တမ်းစာရွက်ကို ရှာတာ ဒုတိယအကြိမ် ရှာခြင်းဖြစ်တယ်။ ပထမ အကြိမ် ရှာတုန်းက မတွေ့ဘူး။ သူ့သားက ကိစ္စမရှိဘူး၊ မတွေ့လဲ မတတ်နိုင်ဘူးတဲ့။ ကျောင်းမှာသွားပြီး ကွန်ပျူတာနဲ့ ရှာခိုင်းမယ်တဲ့။ ကျွန်မရယ်၊ အိမ်ရှင်ရယ် အဲဒီ သားအကြီးရယ် ကျောင်းကို ၈း၁၅နာရီ လောက်မှာ သွားကြတယ်။ ကျောင်းစာရေးက ၁၀း၃၀ နာရီမှာ ပြန်လာဖို့ပြောတယ်။ ကျွန်မတို့လည်း အိမ်ပြန်လာတယ်။ အိမ်ရှင်မ က ကျွန်မကို ကျေးဇူးပြု၍ ဒုတိယအကြိမ်မြောက် ပြန်ရှာကြရအောင်တဲ့။ မတွေ့တဲ့ အဆုံးကျမှ ၁၀း၃၀နာရီမှာ ကျောင်းကို ပြန်သွားမယ်တဲ့။ ကျွန်မ လည်း ရှာဖွေရတဲ့ အလုပ် မလုပ်ချင်တော့ဘူး။ ခေါင်းကိုက်တတ်လို့ပါဘဲ။

ကျွန်မနဲ့ သားအကြီး ဗီရို ၃ ထပ်ကို ဖွင့်ပြီး တစ်ထပ်ပြီး တစ်ထပ် ရှာတယ်။ ပထမထပ်မှာ စရှာတာနဲ့ ကျွန်မ ဘုရားကို ဆုတောင်းမိတယ်။ ဘုရားရှင် ဒီစာရွက် ဘယ်မှာရှိတယ်ဆိုတာ ကျွန်မကို ပြဖို့ပါဘဲ။ ကျွန်မ ရှာရမဲ့ စာရွက် နမူနာပုံစံအတိုင်း ကျွန်မ ရှာနေတာ ဗီရို တစ်ထပ်ပြီးသွားပြီ။ ဒုတိယထပ်ကို ရှာနေတာလဲ ပြီးသွားပြီ။ တတိယထပ်ဘဲ ကျန်တော့တယ်။ ကျွန်မ နဲနဲစိတ်ပူလာပြီ။ ဒီအထပ်မှာ ရှာမတွေ့ရင်၊ ကျွန်မက တရားခံ ဖြစ် တော့မယ်လေ။ ဘုရားကို ကျွန်မ ခေါ်နေတာ အကြိမ် မနည်းတော့ပါဘူး။ ဆာလံ၂၃ ကိုလည်း နှစ်ခေါက်လောက် ရွတ်နေမိတယ်။ နောက်ဆုံးစာရွက် ၅ ရွက်မြောက်မှာ သွားတွေ့တယ်။ သူရှာခိုင်းတဲ့ နမူနာ စာရွက်နဲ့ ကျွန်မ တွေ့တဲ့ စာရွက်က တခြားစီပါ။ ကျွန်မ စိတ်ထဲမှာ ဒီစာရွက်များ ဖြစ်နေလားလို့ အထင်နဲ့ သူ့ကိုမေးကြည့်တာ။ ဒီစာရွက် ဟုတ်ကြောင်း ပြောတယ်။ ကျွန်မကို ရှာခိုင်းတာ ၂၀၀၇ခုနှစ်ရဲ့ မှတ်တမ်းစာရွက်၊ ကျွန်မ ရှာတွေ့တာ ၂၀၀၆ ခုနှစ်ရဲ့ မှတ်တမ်းစာရွက်၊ ကျွန်မ တကယ်ကို အံ့သြမိပါတယ်။ သားအကြီးကို မေးကြည့်တော့ သူအခုမှ မှတ်မိတယ်၊ ၂၀၀၇ ခုနှစ်မှာ ဘာမှတ်တမ်းမှ သူ မလုပ်ခဲ့ ဘူးတဲ့။ ၂၀၀၆ ခုနှစ်မှာဘဲလုပ်ခဲ့ကြောင်း ပြောပြတယ်။ ကျွန်မ 'ဩော်' တစ်လုံးသာ ပြောနိုင်ခဲ့ပါတယ်။ ကျွန်မလို သူများ အိမ်မှာ အလုပ်လုပ်တဲ့ သူတိုင်းဟာ အစစ အရာရာ သတိရှိဖို့ လိုအပ်သလို အခက်အခဲ ရင်ဆိုင်ရတဲ့အခါတိုင်းမှာလည်း စိတ်ဓါတ်မကျဖို့ ကိုယ်ကိုယ့်ကို ယုံကြည်မှု ရှိသလို ဘုရားကိုလည်း ယုံကြည်ခြင်း အပြည့်နဲ့ ဆုတောင်းဖို့ အရေးကြီးပါတယ်။ ကျေးဇူးတော်ကြောင့် ၁၀နာရီတိတိမှာ ဒီစာရွက်ကို ပြန်ရှာ တွေ့နိုင်ခဲ့တယ်။ ကျောင်းစာရေး ချိန်းထားတဲ့ ၁၀နာရီခွဲမှာ ကျောင်းကိုတောင် သွား စရာ မလိုတော့ပါဘူး။ သားအကြီးနဲ့ အိမ်ရှင်မ ဝမ်းသာစွာနဲ့ကောလိပ်ကျောင်းကို သွားချိန်မှာတော့ ကျွန်မ တစ်ယောက်ထဲ စာရွက်ပုံတွေကြားမှာ ကျန်ရစ် ခဲ့ပါတော့တယ်။ သေးသေးဖွဲဖွဲ ကိစ္စလေးဖြစ်ပေမဲ့ နေ့စဉ်ဘဝ အသက်တာ ထဲမှာ ကိုယ်တော်ကို အားကိုးခြင်းဖြင့် ရှာပုံတော်ဖွင့်ခဲ့တာ အောင်မြင် သွားတဲ့အတွက် ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း မိပါတယ်။ ဒါကြောင့် ညီအစ်ကို မောင်နှမများ စိတ်နှလုံးအကြွင်းမဲ့ ဘုရားရှင်ကို ယုံကြည်ကိုးစား ခြင်းဖြင့် အခက်အခဲများ အားလုံးကို အောင်မြင်စွာ ဖြေရှင်းနိုင်ကြောင်း အနည်းငယ်သက်သေခံဝေငှခံစားချင် ပါတယ်။ အယောက်စီ တိုင်းအပေါ် ဘုရားရှင် ကောင်းကြီးပေးပါစေ။ **(မီးမီး–လှည်းဆိပ်)**

---

## *သက်သေခံချက် (၂)* **(မီးမီး–လှည်းဆိပ်)**

ကျွန်မရဲ့ ကိုယ်တွေ့အဖြစ်အပျက်လေးကို သက်သေ ခံချင်ပါတယ်။ အထူးသဖြင့် စင်္ကာပူနိုင်ငံရဲ့ အိမ်တွေမှာ အလုပ် လုပ်နေကြတဲ့ သူငယ် ချင်းများ အတွက် နမူနာ ယူစေချင်ပါတယ်။ ကျွန်မရဲ့ အိမ်ရှင်ဆီမှာ အလုပ် လုပ်ခဲ့တာ အခုဆိုရင် ၉နှစ်ပြည့်ခဲ့ပါပြီ။ ကျွန်မရဲ့ သူဌေးအိမ် ဆိုပေမဲ့ ကျွန်မ စိတ်ထဲမှာ ကျွန်မရဲ့

---

## It is good.It is well. **(သုည)**

အကျွန်ုပ်တို့၏ ဆုတောင်းချက်များထက် ကိုယ်တော်၏ ကတိတော်တွေက ပို၍ များသည်။ အကျွန်ုပ်တို့ ဆုတောင်းချက်များ၏ လိုအပ်သောအရာကို ကိုယ်တော် ပေးဖို့ စောင့်နေသည်။ အပျင်းရိဆုံး အချိန်မှာ အပြင်းထန်ဆုံး ဆုတောင်းရသည်။ ကိုယ် ရဲ့ အဖြစ်ကို မထင်ဘဲ၊ အပြစ်တွေကို ပြန်လည် ဆင်ခြင်မိဖို့ သန့်ရှင်း သော

ဝိညာဉ် တော် ဘုရားထံမှ ကူညီ မစ ဖော်ပြမှုလိုအပ်သည်။ သူတစ်ပါးအတွက် ဆုတောင်းပေးတတ်ရန် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားထံမှ လမ်းပြ ဖော်ပြဖို့ တောင်းခံရမည်။ It is good. It is well. ဆိုတဲ့ စကားစုကို ကျွန်မ အမြဲပြောလေ့ရှိပါတယ်။ (သူငယ်ချင်းတွေကိုလည်း အဲဒီ It is good. It is well ဆိုတဲ့ပုံပြင်လေးနဲ့ အားပေးတယ်) တကယ့် လက်တွေ့ ကိုယ်တိုင် အကျပ် အတည်းနဲ့ ရင်ဆိုင် ရတဲ့အခါ အဲ့ဒီ စကားစုလေးကို ဘယ်ထားမိမှန်း မသိတော့ဘူး။ စိတ်တွေ တည်ငြိမ်မှု မရှိတော့တဲ့ အချိန်မှာ အံ့ဩဖွယ် တစ်နာရီ ဆုတောင်းသည် ဆိုတဲ့ စာအုပ်လေးက ကျွန်မ ကို ဘုရားရှင်ထံ အသနားခံ တောင်းလျှောက်ဖို့ ခွန်အားပေးခဲ့ပါတယ်။ မလေးရှားကို stay ရှောင်ပြီး၊ စင်ကာပူ ပြန်ဝင်ဖို့ visa လျှောက်တဲ့အခါမှာ နှစ်ခါ reject ထိတယ်။ ကိုယ်ဖြစ်မှ ကိုယ်သိ၊ ကိုယ်ကြုံမှ ကိုယ်ချင်းစာ ဆိုသလို။ စိတ်ပူပန်မှုတွေ ဖြစ်ရတယ်။ Agent ရုံးကို သွားပြီး visa အတွက် မေးမြန်းတဲ့အခါ သူတို့ဆီက မျှော်လင့်ချက် လုံးဝ မရှိနိုင်တဲ့ Must go back to own country ဆိုတဲ့စကားကို ကြားရပါတယ်။ ပွဲစားတစ်ယောက်ကလည်း မလေးရှားမှာ နောက်တပါတ် ထပ်နေချင်ရင် မလေးငွေ 700 ပေးရမယ်။ အဲ့ဒါကလည်း မသေချာ သလောက်လို့ ပြောပါတယ်။ ကြာသပတေး၊ သောကြာ နှစ်ရက်က ကျွန်မအတွက် အရေးအကြီးဆုံး အချိန်ဘဲ၊ စနေဆို ပြန်ရတော့မယ်။ ကျွန်မ စိတ်ထဲကနေ တိုးတိုးလေး ရွတ်ဆိုမိ တယ်။ "ကိုယ်တော်ရယ် သမီး ဘာဆက်လုပ်ရမလဲ" သန့်ရှင်းသော ဝိညာဉ် တော် ဘုရား၊ ဆုံးဖြတ်ချက် မှန်ကန်ဖို့ လမ်းပြပါ။ အဲဒီလိုပြောပြီးတာနဲ့ ကျွန်မ Agent ကို ဘာပြော လိုက် သလဲဆိုတော့ ကျွန်မ နောက်ဆုံးအကြိမ် ထပ်ကြိုးစား တင်မယ် ဆိုပြီး လေယာဉ် လက်မှတ်နဲ့ passport ကိုပြန်ပေးလိုက်တယ်။ ညီမ သဘောဘဲ၊ အစ်မတို့ က သိပ် မဖြစ်နိုင်ဘူးလို့ ထင်တယ်လို့ ကျွန်မကို ပြောပါတယ်။ ကျွန်မ ကိုးကွယ်တဲ့ ဘုရားက အသက်ရှင်တယ်။ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တယ်။ တောင်းရင် ပေးဖို့ အဆင်သင့်ဘဲ၊ လူလုပ်ရမဲ့ အပိုင်းတွေ လုပ်ခဲ့ပြီးပြီ။ ဆုတောင်းဖို့ဘဲ ကျန်တော့တယ်၊ စတင်ပြီး ဆုတောင်းတယ်။ ပထမ တစ်ရက်မှာ ဆုတောင်းရင်း စောင့်တယ်။ သံရုံး officer တစ်ယောက် က Phone နဲ့မေးခွန်းမေးတယ်။ နောက်ဆုံးတစ်ရက်မှ နံနက် 7am ကနေ 4pm အထိ အပြင်း ထန်ဆုံး ဆုတောင်းတယ်။ ကိုယ်တော် တပါးတည်းသာ တတ်နိုင်တယ်။ တာဝန်ရှိ သူတွေရဲ့ နှလုံးသားကို တို့ထိဖို့ သူတို့ ကို ကိုယ်တော် အမိန့်ပေးဖို့ ငိုယိုပြီး တောင်း လျှောက်တယ်။ ကျွန်မ ဘဝမှာ ဒါက ပထမဦးဆုံး၊ အပြင်းထန်ဆုံး၊ အချိန် အကြာ ဆုံး ဆုတောင်းခြင်းဘဲ။ ဘုရားရှင် ထံမှ စကားသံကြားရတယ်။ သန့်ရှင်း သော ဝိညာဉ်တော် နှလုံးသားကို တို့ထိခြင်း ခံစားရတယ်။ သူ့ရဲ့ အချိန်နာရီအတိုင်း၊ စောခြင်း၊ နောက်ကျခြင်း မရှိဘဲ၊ အဲဒီနေ့ ညနေ၄နာရီမှာဘဲ Visa ရပြီဆိုတဲ့ အကြောင်း သိရတယ်။ ဘုရားရှင်က အံ့ဩဖွယ်အမှုကို ပြုခဲ့တယ်။ တစ်ဦးချင်း ဆီရဲ့ ဆုတောင်းသံကို နားညောင်းတယ်။ ကူညီ မစတယ်။ တစ်ချိန်က သူငယ်ချင်းတစ်ယောက်က ကျွန်မကိုပြောဖူးတယ်။ ယူ့ကို information တစ်ခုပေးမယ်၊ စိတ်ဝင်စားရင်ပေါ့ ယူတို့လို ခရစ်ယာန်မလေး တစ်ယောက် ဒုက္ခ ရောက်နေတယ်။ သူငယ်ချင်းမိတ်ဆွေ မရှိဘူး၊ အိမ်ရှင် အဖိုးကြီး က တောင်းကြိုက်နေတယ်။ နေ့တိုင်း ငိုနေရတယ်။ အားပေးစကား ပြောဖို့ ဖုန်း နံပါတ် ယူမလားတဲ့။ သူ့ရဲ့ အိမ်နီးချင်း ဖိလစ်ပင်း မလေးမှ တဆင့်ပြီး တဆင့် ကျွန်မဆီ ရောက်လာတယ်။ ကျွန်မ ဘယ်လို ပြန်ပြောလိုက် သလဲဆို၊ ကိုယ့် သောက နဲ့ကိုယ် ဆိုတော့ သူများရဲ့ ခံစားချက်ကို နားမလည်ပေးဘူး။ ကြိုက်ရင် ပြန်ကြိုက် လိုက်ပေါ့။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိမှ နိုင်ငံခြားကို ထွက်လာပေါ့။ မျက်ရည်ကျလို့ ပြီးမဲ့ကိစ္စ မဟုတ်ဘူး။ ဒါမျိုးတွေ များနေပြီလို့ ပြန်ပြောလိုက်တယ်။ မင်းတို့ ခရစ်ယာန် အသိုင်းအဝိုင်း က ဘယ်လိုများ လုပ်ပေးနိုင်မလဲလို့ပါ။ မင်း စိတ် မဝင်စားရင်လဲ ပြီးတာဘဲတဲ့။ ကျွန်မဆီက မျှော်လင့်ချက်မဲ့တဲ့ စကားကို ပြောထွက်မိ လိုက်တယ်။ တစ်လလောက် နေပြီးမှ ကိုယ်ပြောလိုက်မိတဲ့ အမှားကို ပြန်ဆင်ခြင် မိတဲ့အခါမှာ အရမ်း တုန်လှုပ်သွားတယ်။ သူတပါး မပေးနိုင်တဲ့အရာကို ဘုရားရှင် တစ်ဦး တည်းသာ ပေးစွမ်းနိုင်တယ်။ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ပေး တယ်။ လူလူချင်း ကိုယ်ချင်း စာနာဖို့၊ သူနဲ့ နီးကပ်ဖို့၊ သူ့ကို တိုးသိဖို့၊ ဘုရားရှင်က တစ်ခါ တစ်ခါမှာ ပြဿနာတွေပေးတွေ့ပါတယ်။ လုပ်ဆောင်ချင်တဲ့ အရာတွေကို ကိုယ်တော် လက်ထဲ အပ်နှံလိုက်ပါ။ သူဟာ ကိုယ် တောင်းခံတဲ့ အရာထက်ပို ကောင်းတဲ့ အရာကို ပြင်ဆင်ပေးပါလိမ့်မယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက ကျွန်မ တို့ရဲ့ ဘေးနားမှာ အမြဲရှိတယ်။ တိတ်တိတ်ကလေး သူနဲ့ စကား ပြောပါ။ သူ ပြန်ပြောတဲ့ အသံကိုကြားရပါလိမ့်မယ်။ ။ ခရစ်တော်၏နာမ၌ **(သူညာ)**

---

## ဘာကြောင့်လဲ (မာရာနသာနီနီခိုင်)

*၁။ ဘာကြောင့် အပြစ်သား ဖြစ်ရတာလဲ။* ဒီကနေ့ ကမ္ဘာကြီးမှာ နေထိုင်တဲ့ လူသားများကို အပြစ် ရှိသလားလို့ မေးကြည့်ရင် တချို့က အပြစ် လုံးဝ မရှိဘူး။ တချို့က အပြစ် ရှိတယ်လို့ဖြေတာကို တွေ့ရပါလိမ့်မယ်။ ကျွန်ုပ်တို့ အပြစ် လုပ်လုပ်၊ မလုပ်လုပ် ကျွန်ုပ်တို့ဟာ အပြစ်သားပါဘဲ။ နို့စို့ အရွယ်မှစ၍ စိတ်ဆိုး တတ်ခြင်းကို ကြည့်ခြင်းအားဖြင့် ဆာ ၅၁း၅ အရ အမိ ဝမ်းထဲမှာ မမွေးခင် ကတည်း က အပြစ် သား ဖြစ်ပြီးသားမို့ အပြစ်လုပ်နည်း သင်ပေးစရာ မလိုပဲ တဖက်ကမ်း ခတ် အောင် တတ်မြောက်ကြ ခြင်းဟာ ကျွန်ုပ်တို့ လူသားတွေဘဲဖြစ်ပါတယ်။ ကျွန်ုပ် တို့ ဟာ မွေးရာပါ ဗီဇ အပြစ်ရှိတဲ့ အတွက်ကြောင့် အပြစ်ကို လုပ်တတ်ကြပါတယ်။ အပြစ်သားဟာ အပြစ် လုပ်ခြင်းဟာ မဆန်းပါဘူး။

ကလေးဘဝ ဆိုတာ အပြစ်ကင်းစင်တယ်။ ဖြူစင်တယ်။ ဘာကြောင့် သူ့မှာ အပြစ်ရှိလာရတာလဲ စဉ်းစားစရာနဲ့ ဆင်ခြင် ပေးစရာ တွေနဲ့ပေါ့။ ဘာ ကြောင့် အမိဝမ်းထဲမှာ နေကတည်းက အပြစ်ရှိရတာလဲပေါ့။

*၂။ ဘုရားသားအဖြစ် မဝင်ခင်အချိန်နှင့် ပညတ်ချက်။* ကျွန်ုပ်တို့ရဲ့ ဘိုးဘေး အာဒံ နဲ့ လူမိန်းမ တို့ဟာ ဘုရားသခင်ရဲ့ အုပ်စိုးမှု အောက်မှာ နေထိုင်ကာ သာယာ ချမ်းမြေ့ပြီး ပြည့်စုံ၍ လိုတရ ဘဝမှာ အပူအပင် ကင်းမဲ့စွာ ဘုရားနှင့် မိတ်သဟာယ ဖွဲ့ခဲ့ရပါတယ်။ ဘုရားသခင်ရဲ့ စကားကို နားထောင်ဖို့အတွက် ပညတ်ချက် တစ်ခု ကတော့ က ၂း၁၇ ဘုရား သခင်ရဲ့ စကားကို နားထောင်ရင် အစဉ်အမြဲ အသက်ရှင်မယ်။ နား မထောင် ရင် သေမယ်ဆိုတဲ့ သဘောပါဘဲ။ သေခြင်း (၂) မျိုးရှိပါတယ်။ (၁) ပထမ သေခြင်းဟာ ကိုယ်ခန္ဓာသေခြင်းဖြစ်ပြီး (၂) ဒုတိယ သေခြင်းဟာ ဝိညာဉ် ဆုံးရှုံးပြီး ငရဲကို သွားခြင်းဘဲဖြစ်ပါတယ်။

*၃။ အပြစ်သားဖြစ်ရန် အစပြုခြင်း။* တစ်နေ့မှာ မြွေနှင့် ဧဝတို့ စကားပြောမိကြတဲ့အခါ လူအပေါင်း တို့ရဲ့ အမိ ဧဝဟာ စကား ပြောမှားခဲ့ပါတယ်။ လိမ္မာပါးနပ်တဲ့ မြွေဟာ ဧဝရဲ့ စကားအမှားကို လိမ္မာစွာ နှိုက်ယူပုံက ဒီလိုပါ။ က ၃း၂၃ "မိန်းမ ကလည်း ငါတို့သည် ဥယျာဉ်၌ ရှိသော အပင်တို့၏ အသီးကို စားရသော အခွင့်ရှိ၏။ ဥယျာဉ် အလယ်၌ ရှိသော အပင်၏ အသီးကိုကား သင်တို့သည် မကိုင် မစား ဘဲ နေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့် တော်ရှိသည်ဟု မြွေ အားဆို၏။ (ဘုရားရဲ့ စကားက မစားရ၊ စားသောနေ့တွင် ဧကန် အမှန် သေမည်)။ လူမိန်းမရဲ့ စကားက (မကိုင် မစားပဲနေကြလော့၊ သို့မ ဟုတ် သေ မည်) မြွေဟာ ဘုရားရဲ့စကားနဲ့ လူမိန်းမရဲ့စကား ကွာခြားချက်ကို သိပြီး စာတန်ဟာ သူ့ရဲ့ အကြံအစည်အတိုင်း စတင် အကောင်အထည်ဖေါ်၍ အဖေါ် ရအောင် မြူဆွယ်ပုံက ဒီလိုပါ။ က ၃း၄-၅ စာတန်ရဲ့ ကြီးမားသော မဟာ အကြံအစည်ဘဲ ဖြစ်ပါတယ်။ ကြမ်းကျွံသွားရင် ပြန်ဆွဲထုတ်၍ ရပြီး စကားကျွံရင် နှုတ်လို့ မရတော့တာပါ။ ဒီကျမ်းပုဒ်အားဖြင့် သက်သေပါပဲ။ ဘုရားသခင်ရဲ့ စကားကို တိတိကျကျ မလိုက်နာပဲ နှုတ်ကပတ်တော်ကို လိုတိုး ပိုလျှော့ လုပ်မိတဲ့ ဧဝရဲ့ အသက်တာဟာ စံနမူနာ ယူစရာပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ အသက်တာ မှာလည်း နှုတ်ကပတ်တော်ကို တိကျစွာ လိုက်နာရန် အရေးကြီး ပါတယ်။ ကောင်းမွန်စွာ မခံယူရင် စာတန်ရဲ့ ကျော့ကွင်းထဲ အပိုင် ရောက်နိုင်ပါတယ်။

*၄။ စာတန်ရဲ့ နေရာဋ္ဌာန (ငရဲ)* စာတန်ဟာ ဘုရားသခင် ချီးမြှောက်ထားတဲ့ ကောင်းကင် တမန်မင်း တစ်ပါးဘဲ ဖြစ်၍ ဘုရားရဲ့ အခွင့်အရေးပေးမှုနှင့်အတူ သူ့မှာ အားလုံး လုပ်နိုင်တဲ့ အခွင့်အာဏာကို ဘုရားသခင် ပေးထားပါတယ်။ စာတန်ဟာ အားလုံးကို ဘုရားသခင်ကဲ့သို့ လုပ်နိုင်ပြီး၊ လူ မလုပ်ပေးနိုင်တာက ထာဝရ အသက် လို့ ခေါ်တဲ့ သခင်ခရစ်တော်ရဲ့ ကယ်တင်ခြင်းတရားကိုတော့ မပေးနိုင် ပါဘူး။ စာတန်က ဘုရားသခင်ကို စိတ်ခေါ် အံ့တုမှုကို နှုတ်ကပတ်တော်က ဒီလို ဆိုထားပါတယ်။ ဟေရှာယ ၁၄း၁၂-၁၅ စာတန်ဟာ ဘုရားကို အံ့တုပြီး ဘုရားရဲ့ နေရာကို ရယူဖို့ စိတ်ကူးခဲ့လို့ ဘုရားသခင်က သူ့ကို မရဏာနိုင်ငံ လို့ခေါ်တဲ့ ငရဲကို ပို့ပေးပြီး အဲဒီမှာ နေစေချင်တာ ဖြစ်ပါတယ်။ သူဟာ သူ ကိုယ်တိုင်ကျတော့ "အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်" လူမိန်းမ ကိုတော့ "ကောင်း မကောင်းကို သိ၍ ဘုရားသခင်ကဲ့သို့ ဖြစ်လတ္တံ့" သူဟာ ဘုရား ဖန်ဆင်းထားတဲ့ လူကို သူ့ရဲ့ ဘက်တော်သား အဖြစ် ပါအောင် လိမ္မာ ပါးနပ်စွာဖြင့် မြူဆွယ်ခဲ့ခြင်းဖြစ်ပါတယ်။

*၅။ အပြစ်အစ မြင်ခြင်းမှ၊ အဖေပြောင်းလဲခြင်း* စာတန်ဟာ ဧဝကို လိမ္မာပါးနပ်စွာ လှည့်စား နိုင်ခဲ့ပါတယ်။ ဧဝဟာ ဧဒင်ဥယျာဉ်မှာ နေပြီး၊ နေ့စဉ်နဲ့အမျှ အပင်ကို မြင်နေမှာတော့ သေချာပါတယ်။ စာတန်ရဲ့ လှည့်ကွက်ကို အဟုတ်ကြီး မှတ်သွားပြီးတော့ က ၃း၆ "ထိုအပင်သည် စားဖွယ် ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ နှစ်သက်ဖွယ်သော အပင် ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင် အသီးကိုယူ၍ စား၏။ မိမိ ခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စားလေ၏" မသိလိုက် ဖာသာ နေရင်တော့ ကိစ္စ မရှိပါဘူး။ စပ်စပ်စုစုနဲ့ သွားပြီး သတိထား၍ ကြည့်မိတော့ တပ်မက်တဲ့ စိတ်နဲ့ စားမိတော့ ပြဿနာ အကြီး အကျယ် တက်တော့တာပါပဲ။ အဓိက အပြစ်ကို ဘာကြောင့် လုပ်မိကြသလဲဆိုရင် "အပြစ်ရဲ့ အစ၊ မြင်ခြင်း က"ဆိုတဲ့ ဆိုရိုးစကားလို ဘုရားရဲ့စကားကို နားထောင် ရမဲ့အစား စာတန်

ပြောတာကို ယုံပြီး သွားပြုမိတဲ့အတွက် ယခင်က ဘုရားသခင်ရဲ့ သား အဖြစ်မှ စာတန်ရဲ့ သားသမီး အသွင် ပြောင်းလဲသွားပုံက အမိ ဧဝဟာ စာတန် ပြော တာကို ယုံပြီး သူ့ရဲ့ စေခိုင်းမှုကို ပြုလုပ်မိတဲ့အတွက် စာတန်ကို အဖေ တော်ရ ခြင်းပင် ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ မရဏာနိုင်ငံကို သွားရခြင်းပင် ဖြစ်ပါ တယ်။

*၆။ ဘုရားရဲ့ ကျိန်ခြင်းနှင့် ငရဲ အခြေအနေအကြောင်း သိကောင်းစရာ။*လူ နှစ်ဦး ဘုရားစကား နားမထောင်မှုရဲ့ ရလဒ်ကတော့ က ၃း၁၉ ဘုရား သခင်ဟာ အာဒံကို မြေမှုန့်ကနေ ဖန်ဆင်းတဲ့အတွက် သူ့စကား နား မထောင်မှုကြောင့် ပထမသေခြင်း၊ ခန္ဓာကိုယ်ဟာ မြေမှုန့်မှ လာတဲ့ အတွက်ကြောင့် မြေမှုန့်သို့ ပြန်ခိုင်းပြီး ဝိညာဉ် ကတော့ ဘုရားကို အံတုတဲ့ စာတန်ရဲ့ စကားကို နားထောင်တဲ့ အတွက် ကြောင့် မရဏာနိုင်ငံ (ငရဲ) ကိုပြန်ပို့ခြင်းခံရခြင်းပင်ဖြစ်ပါတယ်" ငရဲ အကြောင်း တစေ့ တစောင်း နည်းနည်း လေ့လာကြရအောင် နော်။ ဗျာ ၂၀း၁၃-၁၄ အရ လူမှာ သေခြင်း နှစ်မျိုး ရှိပါတယ်။ ပထမသေခြင်း ကတော့ ဝိညာဉ် ထွက်ပြီး၊ ခန္ဓာ ကိုယ်နဲ့ ခွဲခွာ ချိန်ဟာ ပထမသေခြင်း ဖြစ်ပြီး ဒုတိယ သေခြင်းဟာ ဘုရားရဲ့ စကားနဲ့ လုပ်ဆောင် ချက်ကို မလိုက်နာ တဲ့သူဟာ လူသေဖြစ်ပြီး စီရင်ခြင်းကို ခံရပြီး မရဏာ မီးအိုင်ထဲကို အချ ခံခြင်း အားဖြင့် ဒုတိယသေခြင်းကို ထာဝရ ရင်ဆိုင်ရတော့ မှာပါ။

ငရဲဟာ ဘယ်လောက် ကြောက်စရာ ကောင်းပြီး ဘယ်လောက် ဝေဒနာ ခံစားရပြီး ဘယ်လောက် ပူလောင်သလဲဆိုရင် ဗျာ ၂၀း၁၀မှာ သူတို့ကို လှည့်ဖြား သော မာရ်နတ် ကိုလည်း သားရဲနှင့် မိစ္ဆာ ပရောဖက်ရှိရာ ကန့်နှင့် ရောနှောသော မီး အိုင် ထဲသို့ ချပစ်လျှင် သူတို့သည် နေ့ညမပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံစားရကြလတ္တံ့။ လို့ ဆိုထားပါတယ်။ ငရဲဆိုတဲ့ ကန့်နှင့် ရောထားတဲ့ မီးအိုင်ထဲမှာ နေ့လည်းမပြတ်၊ ညလည်း မပြတ်နဲ့ အလွန် ပူပြင်းတဲ့ အပူဒဏ်ကို ကမ္ဘာ အဆက်ဆက် (ထာဝရကာလ) အထိ ခံစားရမှာဖြစ်ပါတယ်။

*၇။ သခင်ယေရှုလောကကို ဆင်းကြွရခြင်းအကြောင်း။* ဘုရားသခင်က သူ ဖန် ဆင်းသမျှသော လူအပေါင်း ငရဲကို သွားနေ တာကို မမြင်ရက်တော့ သူကိုယ်တိုင် လောကကို လာပြီး လူသားများ ကို ကယ်တင်ရန် လုပ်ဆောင် ရပါတယ်။ လူ့ ဇာတိ ကို ခံယူပြီး လူသား အသွင်နဲ့ လာခဲ့တာဖြစ် ပါတယ်။ မ ၁း၂၁ ဒီကျမ်းပိုဒ်ဟာ သခင် ယေရှု လောကကို ဆင်းကြွဖို့ရန် အတွက် ကောင်းကင်တမန်က မာရိနှင့် ယောသပ်ကို သတိပေး (ရူပါရုံ) စကား ဖြစ်ပါတယ်။ အသွင်သဏ္ဍာန်တူမှ ကျွန်ုပ်တို့နှင့် မိတ်ဆွေ ကို ကယ်တင်လို့ ရမှာမို့ သားတော် အနေနှင့် လာခြင်းဖြစ်ပါတယ်။ ခမည်းတော် ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားတို့ရဲ့ လုပ်ဆောင် ချက်က တလုံးတဝ တည်းဖြစ်ပါတယ်။

အာဒံနှင့်ဧဝရဲ့ ဘုရားစကား နားမထောင်တဲ့ အပြစ်အားလုံးကို သခင် ယေရှု အပေါ်မှာ တင်သွားပုံကို ဟေရှာ ၅၃း၆မှာ တွေ့ရမှာဖြစ်ပါတယ်။ (ငါတို့ ရှိသ မျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွား ကြ သည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့ အပေါ်၌ တင် တော်မူ၏။) ကျွန်ုပ်တို့ရဲ့ အပြစ်များကို (သူ) ဆိုတဲ့ သခင်ယေရှုရဲ့ အပေါ်မှာ တင်တော်မူခြင်း ဖြစ်ပါတယ်'

ကျွန်ုပ်တို့ရဲ့ အပြစ်ကြွေးအတွက် ယဇ်ပလ္လင်လို့ ခေါ်တဲ့ ကားတိုင်မှာ နောက်လူများ သူ့လို လိုက်မလုပ်မိရန် အပြစ် အများဆုံးလူကို စံနမူနာအဖြစ် သတ်ပြ ခြင်းဖြစ်တဲ့ နေရာ ဖြစ်ပါတယ်။ ဘယ်သူကမျှ နာမည်ဆိုးနဲ့ မသေချင်ကြပါဘူး။ လူ တကာ ရွံရှာ မုန်းတီးတဲ့ နေရာကို သခင်ယေရှုက မေတ္တာ သက်သေနှင့် သက်သေ ပြခြင်းမှာ မိတ်ဆွေနဲ့ ကျွန်ုပ်တို့ အတွက် ဘာလုပ်ပေးခဲ့သလဲဆိုရင် ဂလာ ၂း၂၀ အာဒံနှင့်ဧဝရဲ့ ပြုလုပ်ခဲ့တဲ့ အပြစ်တွေကို သခင်ယေရှုလက်ဝါးကပ်တိုင်မှာ ကျွန်ုပ် တို့ရဲ့ ကိုယ်စား အသေခံ ပေးခြင်း ဖြစ်ပါတယ်။ အဲဒီလို သခင်ယေရှုဟာ ကျွန်ုပ်တို့ ကိုယ်စား အပြစ်ဖြေရာ ယဇ်ကောင်အနေနဲ့ အပူဇော်ခံခြင်းအားဖြင့် ဒုတိယ သေခြင်း ကို သွားရမဲ့ ဝိညာဉ်ရဲ့ ငရဲ သွားရာလမ်းကို ပိတ်ပေးပြီး ကောင်းကင် သွားရာ လမ်းကို သခင်ယေရှုက ကားတိုင်မှာ ဖွင့်ပေးခဲ့ပါပြီ။ သခင်ယေရှုဟာ ကျွန်ုပ်တို့ အတွက် အသေ ခံတာကို ယုံကြည် လိုက်ရုံနဲ့ ကောင်းကင်ကို ရောက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သခင် ယေရှုကို ယုံကြည်ခြင်းအားဖြင့် ငရဲတံခါးကို ထာဝရ ပိတ်ပေး လိုက်လို့ ဘဲဖြစ်ပါတယ်။

မိတ်ဆွေနှင့် ကျွန်ုပ်အတွက် အထူးအခွင့်အရေး တစ်ရပ်ကတော့ ကျေးဇူး တော်ကြောင့် ယုံကြည်လိုက်ရုံနှင့် ဖြစ်ပါတယ်။ သခင်ယေရှု လောက ကို မလာခင် ဘိုးဘေးများဟာ သူတို့ရဲ့ အပြစ်ကို ဖြေဖို့အတွက် သိုးနွား အစ ရှိသဖြင့် တိရိစ္ဆာန် များရဲ့ အသွေးကို သွန်းမှ အပြစ်လွတ်ကြရပါတယ်။ ဒီနေ့ ဒီအချိန် ဒီဈေးနှုန်းနဲ့ ဆိုရင်တော့ ငွေကြေးချမ်းသာသူများသာ အပြစ် လွတ် နိုင်ပြီး ဆင်းရဲသောသူများမှာ ငွေကြေး မရှိသောကြောင့် အပြစ်လွတ်နိုင်ရန် အခွင့်အလမ်းမရှိပဲ အပြစ်ပိ နေတော့ မှာပါ။ ဆင်းရဲချမ်းသာ အယုတ် အမြတ် အလတ် မရွေးတဲ့ မေတ္တာတော်ရှင်က ဧ ၂း၈မှာ "ယုံကြည်သောအားဖြင့် ကျေးဇူးတော် ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ့်အလိုအလျောက် ရောက်သည် မဟုတ်၊ ဘုရားသခင် သနားတော်မူရာ ဖြစ်သ တည်း" လို့ဆိုခဲ့ပါတယ်။ ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို သနားလို့ ပေးသနားတော် မူတဲ့အရာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အတွက် သခင်ယေရှုရဲ့ အသက်ပေးခြင်း အသွေး သွန်းခြင်းကို ယုံကြည်တာနဲ့ ဘုရားသခင်ရဲ့ သားသမီးပြန်လည်ဖြစ်ခွင့် ရပြီး ခိုင်မာ တဲ့ နှုတ်က ပတ်တော်က ကောလောသဲ ၃း၃မှာ ထိုသခင်ယေရှုကို လက်ခံ ယုံကြည် ပြီးရင် ကျွန်ုပ် တို့ရဲ့ ဝိညာဉ်ကို နောက်တစ်ကြိမ် ပျက်ဆီး အဆုံး ရှုံး မခံနိုင်တော့လို့ ဘုရား သခင်က ခရစ်တော် နှင့်အတူ ထိန်းသိမ်း၍ ဝှက်ထား ပေးပါတယ်။ လို့ဆိုထား ပါတယ်။ သခင် ခရစ်တော်ရဲ့ ကယ်တင်ခြင်းအကြောင်းကို ယုံကြည် လက်ခံလိုက်တဲ့ အချိန်မှာ ဧ ၁း၁၃ နောက် တစ်ကြိမ် ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ကို စာတန် လုယူလို့ မရ တော့ပါဘူး။ ခမည်းတော် ဘုရားက ဖန်ဆင်း တယ်၊ သားတော်ဘုရားက ကယ် တင်တယ်၊ သန့်ရှင်းသော ဝိညာဉ်တော် ဘုရား က တံဆိပ်ခတ်ခြင်းအားဖြင့် ၃ ပါး တလုံး တဝ တည်း ပါဝင်လှုပ်ရှားကြ ခြင်းပဲ ဖြစ်ပါတယ်။

*၈။ ငရဲမှ ဆုတောင်းသံ။* သခင်ယေရှုရဲ့ တရားဒေသနာမှ ကောင်းကင်နိုင်ငံနှင့် ငရဲရဲ့ ကွာခြားပုံ အဖြစ်အပျက်ကတော့ လု ၁၆း၁၉-၃၀ ထဲက သူဌေးနှင့် လာဇရု အဖြစ် အပျက်ပါဘဲ။ ဆင်းရဲသားဖြစ်တဲ့ လာဇရုမှာ ဆင်းရဲလွန်းလို့ စားစရာ မရှိသလို တကိုယ်လုံး အနာစိမ်းများနှင့် ပြည့်နေလို့ လူ့ရဲ့အမြင်ကတော့ အလွန်မှုပင် ရွံစရာ ကောင်း၍ သူများရဲ့ မထီမဲ့မြင်ပြုခြင်းကိုလည်း ခံရမှာပါ ဘဲ။ သု ၁၇း၅ သူဌေးကြီးရဲ့ အိမ်ရှေ့တံခါးနားမှာ စားစရာ ရနိုးနှင့် ထိုင်တောင် မစောင့်နိုင်လို့ တုံးလုံးနေရပါတယ်။ ဒါပေမယ့် သူဌေးရဲ့ ကြင်နာ မှုကို မရခဲ့ပါဘူး။ သူဟာ ဆင်းရဲ ပေမဲ့ ဘုရားကို သိပြီး ခရစ်တော်ကို သိခဲ့မှာ ပါ။ လာဇရု သေသွားတဲ့ အချိန်မှာ ကောင်းကင်နိုင်ငံက အာဗြဟံရဲ့ ရင်ခွင် ထဲမှာ နေရပါတယ်။

သူဌေးကြီးရဲ့ အသက်တာမှာတော့ ကောင်းမွန်သော အဝတ်အစား များနှင့် တနေ့တနေ့ ကာမဂုဏ်၌ ပျော်မွေ့နေပြီး လောကီစည်းစိမ်များကို ခံစားနေရင်းနဲ့ အသက်တာ ကုန်ဆုံးချိန်သို့ ရောက်သောအခါတွင် ငရဲမှာ နေရပါတယ်။ ငရဲထဲမှာ ရောက်နေသော သူဌေးကြီးရဲ့ တောင်းဆိုမှုက အိုအဘ အာဗြဟံ အကျွန်ုပ်ကို ကယ်မ သနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာ ခံရသောကြောင့် လာဇရုသည် မိမိလက်များကို ရေ၌နှစ်၍ အကျွန်ုပ် လျှာကို အေးစေခြင်းငှာ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။ သူဌေးကြီးဟာ ကန့်နှင့်ရောထားတဲ့ ငရဲမီးအိုင်ထဲမှာ အလွန် ပူပြင်းတဲ့ ဒဏ်ကြောင့် ဝေဒနာကို မချိမဆန့်ခံစားရင်းနဲ့ လာဇရုရဲ့ လက်ဖျားက ကျလာမဲ့ရေစက်ကို တမ်းတပြီး အပူဒဏ်ကို သက်သာ စေရန် တောင့်တခြင်း ဖြစ်ပါတယ်။ ကောင်းကင်နှင့်ငရဲဟာ ဘယ်လိုမှ ကူးသန်းသွားလို့ မရနိုင်မှန်းသိတော့ နောက်ဆုံးအနေနှင့် လောကတွင် ကျန်ခဲ့သော မိမိရဲ့ ညီအစ်ကို များကို သူ့လို ပူပြင်းတဲ့ဝေဒနာကို မခံစား စေရန်အတွက် လာဇရုကို လောကသို့ ပြန်၍ စေလွှတ်ပြီး သူ့လို ငရဲ မရောက်စေရန် သတိပေးဖို့အတွက် တောင်းဆိုပါ တယ်။ ဟေဗြဲ ၉း၂၇ ဒီ ကျမ်းချက် အားဖြင့် သေသွားပြီဖြစ်တဲ့ လာဇရုက လောက ကို ပြန်ပြီး ပြောပြလည်း ယုံမှာ မဟုတ်ကြောင်း နှင့် တစ်ခါပဲသေလို့ရပြီး မသေသေးသော လူ အချင်းချင်းက ပြောသော စကားကို ယုံရန်အတွက် ငရဲမှ ဝေဒနာကို မချိမဆန့် ခံနေရတဲ့ သူဌေးကြီးက မိတ်ဆွေနှင့် ကျွန်ုပ် ငရဲသို့ မရောက်ရန် သခင် ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင်အဖြစ်နဲ့ လက်ခံရန် နေ့ညမပြတ် ဆုတောင်း ပေးနေတာကို ကျွန်ုပ်နဲ့ မိတ်ဆွေ သတိထားရန် လိုအပ် ပါတယ်။ ဗျာ ၂၀း၁၅ အရ အသက်စာစောင်၌ စာရင်း မဝင်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် တံဆိပ်ခတ်ခြင်းကို မခံရတဲ့သူအတွက်က ဒုတိယ သေခြင်း ဖြစ်တဲ့ ငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းကို ခံရမှာပါ။ ဒီစာကို ဖတ်ကြသော ချစ်သော မိတ်ဆွေ အပေါင်းတို့ ဝိညာဉ်တော်ရဲ့ လမ်းပြမှုကို ခံယူပြီး ရွှေခင်း သောလမ်း၊ ကောင်းကင် ရွှေအိမ်မှာ မိတ်ဆွေနှင့် ကျွန်ုပ် လက်ဆွဲ နှုတ်ဆက် ကြရအောင်နော်။ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ **မာရာနသာ နီနီခိုင်**

---

## *ကျွန်တော်နှင့်မြန်တိုင်းဒေသအမှတ်တရ(၂)* (မင်းအောင်သက်လွင်)




(ယခင်လမှအဆက်) ၂၄-၆-၂၀၀၈ ရက်နေ့ မနက် ဝေလီ ဝေလင်း ၄နာရီ ကျော် ကျော် လောက်မှာ ရန်ကုန် ကနေ ကျွန်တော်တို့အဖွဲ့ စီးလာတဲ့ "ဗညားဦး" သုံးထပ် သင်္ဘော ဟာ ဘိုကလေး မြို့ကို ရောက်ရှိလာပါတယ်။ မြစ်ပြင် ကျယ်ကျယ် နောက်ခံ နဲ့ ဘိုကလေးမြို့ရဲ့ မနက်ခင်း အလှဟာ အာရုံတက် နေရောင်အောက်မှာ အိပ်မောကျ နေပေမဲ့ သင်္ဘောဆိပ် မှာတော့ တစ်ဝမ်းတခါး အတွက် ဝမ်းစာ ရှာနေ တဲ့

လှေ သမား၊ ဆိုက္ကားသမား၊ ကုန်ထမ်းသမား၊ ဈေးသည်တွေနဲ့ ခရီးသည် တွေကတော့ ချွေးတလုံးလုံးနဲ့ အလုပ်များနေကြပါတယ်။ သင်္ဘောက မော်လမြိုင်ကျွန်းမြို့ထိ ဆက်သွားမှာမို့ ဘိုကလေးမှာ ခနဘဲ ရပ်နားမှာ ဖြစ်တဲ့ အတွက်ကျွန်တော်တို့ အဖွဲ့က ပါလာတဲ့ ပစ္စည်းတွေ အကုန်လုံး သင်္ဘော ဘေးမှာလာရပ်တဲ့ စက်လှေပေါ် တင်ကြပါတယ်။ ရန်ကုန်ဆိပ် မှာတုံးကလို အထမ်း သမားမငှား တော့ဘဲ၊ ကိုယ့်ပစ္စည်းတွေ ကိုယ့်ဖာသာကိုယ် သယ်ချရပါ တယ်။ ဘိုကလေးမြို့ပေါ် ခနတက်၊ ထွန်စက်လှေမှုမဲ့ ရွာအတွက် ထွန်စက် ဝယ်ပြီး ဘိုကလေးနဲ့ ရေလမ်းကနေ ၄နာရီကြာ မောင်းပြီးသွားရမဲ့ ကပ်သမျင်ရွာ ကို စက် လှေနှစ်စီးခွဲပြီး ထွက်လာခဲ့ ကြ ပါတယ်။

ကျွန်တော် တက်စီးမိတဲ့ လှေက သေးပြီး စက်အား မကောင်းတဲ့ လှေဖြစ်တဲ့ အတွက် နောက်ကျနေပါတယ်။ စထွက်ကတည်းက အင်ဂျင်ကို ဆီ သိပ်မလိုက်တဲ့ အတွက် ဆီပိုက်လိုင်း ပြင်နေတာကြောင့် ရှေ့က သွားနှင့်တဲ့ လှေကိုမျက်ခြေပြတ် သွားပါတယ်။ စင်ကာပူက လိုက်ပါလာတဲ့ လူငယ် တစ်ယောက်ကလဲ စက်လှေကို မောင်းဖူးချင်လို့ တက်မောင်း တာကြောင့် စက်လှေ က ရေလယ်ကောင်မှာ လူးလာ ခတ်နေပါတယ်။ အရှိန် မထိန်းနိုင်ဘဲ ရေလယ် ကောင်မှာ ခေါင်း တစ်ပါတ် လည်သွားပါသေးတယ်။ လမ်းခုလတ်မှာ လှေကြုံ လိုက်ချင်တဲ့ အဖွားကြီးတွေ လူမမယ် ကလေးတွေကို ခေါ်တင်ခဲ့တာကြောင့် မကြာ သင့်ဘဲ လမ်းမှာကြာ နေခဲ့ပါတယ်။ မြစ်ပြင်ကျယ်ကြီးကနေ မြစ်လက်တက်လေးထဲ မောင်း ဝင်လာပြီး ၄နာရီ နီးပါးကြာတဲ့ အထိ ကပ်သမျင် ရွာကို မရောက် နိုင်သေးပါဘူး။ မြစ်ကမ်းနား တလျှောက် မုန်တိုင်းထိထားတဲ့ အိမ်တွေကို ပုံစံ အမျိုးမျိုးနဲ့ တွေ့ရပါတယ်။ မကြာ ခင်မှာ ကပ်သမျင်ရွာကို ရောက်လာပါတယ်။ ရွာ အဝင်ဝမှာ မြစ်ကမ်းနဲ့ ကပ်လျှက် ဆောက်ထားတဲ့ အိမ်တစ်လုံးဟာ လေ မုန်တိုင်း အတိုက်ခံထိထားလို့ အိမ်တိုင် တွေဘဲ ကျန်နေခဲ့ပါ တယ်။









ကပ်သမျင်ကျေးရွာလှေဆိပ်၊ မုန်တိုင်းထိထား၍ အိမ်တိုင်သာကျန်ခဲ့သောအိမ်ပျက်၊ စာရေးသူစီးခဲ့သော စက်လှေနှင့် လူနာများ။

ကမ်းပေါ်တက်ပြီး ရွာထဲက သင်းအုပ်ဆရာရဲ့ အိမ်ကို ရောက်ခဲ့ပါတယ်။ နှစ်ထပ် ပျဉ်ထောင် အိမ်ကြီး ဖြစ်ပါတယ်။ စားနပ်ရိက္ခာ စုံစုံလင်လင် ရှိပါတယ်။ မနက်စာကို လူစုခွဲပြီး စားလိုက်ကြပါတယ်။ ထမင်းစား နေတုံးမှာ ကျွန်တော်တို့ အဖွဲ့ကို လိုလေသေး မရှိ ချက်ပြုတ်ကျွေး မွေးတဲ့ ရွာခံ မိန်းမငယ်လေးတွေဟာ ဘေးနား ကနေ ယပ်တောင် ခပ်ပေး၊ ထမင်း ဟင်း ခူးခပ် ပေးနဲ့ ညှော်ဝတ် ကျေလွန်းလှလို့ မနေ တတ် မထိုင်တတ် အောင် အားနာ သွားရပါတယ်။ ကျွန်တော့်ဘေးနား က မိန်းကလေးက ဆိုင်ကလုန်း ဒဏ်ကြောင့် နာ မကျန်း ဖြစ်နေတဲ့ ဖခင်ဖြစ်သူကို ဆေးလာကုပေးဖို့ ဟိုဘက်ရွာက လာခဲ့တာ ဖြစ်ကြောင်း ပြောပြပါတယ်။ ထမင်း စားပြီးတာနဲ့ အဖွဲ့ခေါင်းဆောင် သင်းအုပ် ဆရာက အဖွဲ့နှစ်ဖွဲ့ ခွဲပါတယ်။ ဆရာဝန်မကြီးနဲ့ ရန်ကုန် ကနေ လုပ်အားပေး လိုက်လာတဲ့ သူနာပြု ဆရာမတွေအားလုံးကို **(Stationary)** လို့ နာမည်ပေးပြီး အိမ်ခြေများတဲ့ ရွာမှာ တနေ ကုန်ထိုင် ဆေးကုဖို့ တာဝန် ပေး လိုက်ပါတယ်။ လူငယ်ဆရာဝန် လေးနဲ့ စင်ကာပူက လိုက်လာတဲ့ လူငယ် သူနာ ပြုတွေ အားလုံးကို **Mobile** အဖွဲ့လို့ နာမည်ပေးပြီး အိမ်ခြေနည်းတဲ့ ရွာငယ် တွေဆီ တစ်ရက်ကို အနည်းဆုံး နှစ်ရွာ (သို့) သုံးရွာထိ ရောက်အောင် သွားပြီး ဆေးကုဖို့ စီစဉ်ပါတယ်။ အဖွဲ့နှစ်ဖွဲ့မှာ ပျမ်းမျှ လူ ၁၃ယောက်စီ ပါဝင်ပါတယ်။ ဆရာဝန်တစ်ယောက်၊ သူနာပြု သုံးယောက်နဲ့ အကူကိုးယောက် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ နယ်မြေ ဗဟုသုတ ရလိုတာနဲ့ စာရေးဖို့ ကုန်ကြမ်း ရလိုတာ ကြောင့် ရွာစဉ် လှည့်သွားပြီး ဆေးကုပေးမဲ့ လူငယ်ဆရာဝန်လေး ခေါင်းဆောင်တဲ့ **Mobile** အဖွဲ့နဲ့ လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ စင်ကာပူက သင်းအုပ်ဆရာ နှစ်ပါး ကလဲ တစ်ဖွဲ့ကို တစ်ပါးဆီ လိုက်ပါ အုပ်ချုပ်ခဲ့ပါတယ်။

မနက်စာ ထမင်း စားပြီးတာနဲ့ **Stationary** အဖွဲ့ကစပြီး ကပ်သမျင်ရွာမှာ ဆေးကု ပါတယ်။ ရောဂါ ပေါင်းစုံနဲ့ လူနာပေါင်းစုံ လာကြပါတယ်။ ရွာနီးချုပ်စပ်က လူနာတွေလဲ သတင်းကြားလို့ ဆေးလာကုကြပါတယ်။ ကျွန်တော်တို့ **Mobile** အဖွဲ့ ကလဲ အစပိုင်းမှာ သူတို့ကို ဝိုင်းကူကြပါတယ်။ မွန်းလွဲပိုင်းလောက် မှာတော့ **Mobile** အဖွဲ့ဟာ နောက်တစ်ရွာကိုသွားဖို့ ရှိတာမို့ လူစုခွဲလိုက်ကြပါတယ်။ စက်လှေ အသေးတစ်စီး စီးပြီး ကပ်သမျင်ရွာနဲ့ တစ်နာရီခွဲလောက် သွားရတဲ့ အောင်ချမ်းသာရွာကို ကျွန်တော်တို့ အဖွဲ့ ဆေးကုပေးဖို့ ထွက်လာခဲ့ကြပါတယ်။ ရွာထဲမှာ ယုံကြည်သူ မိသားစု နဲ့ အသင်းတော် မရှိတဲ့













အောင်ချမ်းသာကျေးရွာလှေဆိပ်၊ စာရေးသူစီးခဲ့သော စက်လှေ၊ ဘုန်းတော်ကြီးကျောင်း၊ ကလေးများ၊ ဆေးကုသခံရန် စောင့်ဆိုင်းနေသော လူနာများနှင့် လေဖြန်း၍ အိပ်ယာထဲလဲနေသော အဖိုးအို။

အတွက် ရွာထဲက ဘုန်းတော်ကြီး ကျောင်းမှာ စတည်းချပြီး ဆေးကုဖို့ စီစဉ်ကြ ပါတယ်။ ကျောင်းထိုင်ဘုန်းတော်ကြီးကလဲ လိုလိုလားလားဘဲ လက်ခံပါတယ်။ ဆရာဝန်နဲ့ သူနာပြုတွေက ဘုန်းတော်ကြီးကျောင်းထဲမှာ ဆေးကုဖို့ နေရာ ထိုင်ခင်း ပြင်နေချိန်မှာ ကျွန်တော်နဲ့ အခြား အကူတွေက ရွာထဲ လျှောက်သွားပြီး အခမဲ့ ဆေးလာကုပေးတာဖြစ်ကြောင်း တအိမ် (တဲ) တက်ဆင်း လိုက်ပြောကြ ပါတယ်။ မကြာခင် ဘုန်းတော်ကြီး ကျောင်းဝင်း ထဲမှာ ဆေးလာကု တဲ့ လူတွေ့နဲ့ ပြည့်ကျပ် သွားပါတယ်။

ဆိုင်ကလုန်း နာဂစ် မဖြစ်ခင်တုံးက ရေလုပ်ငန်း၊ လယ်လုပ်ငန်းတွေနဲ့ သာယာစည်ပင်ခဲ့တဲ့ ရွာကြီးသုံးရွာ ဟာ မုန်တိုင်းဖြစ်ပြီးတဲ့နောက်ပိုင်းမှာ အသေအပျောက် များစွာရှိခဲ့တာကြောင့် အသက်ရှင် ကျန်ခဲ့တဲ့ သူတွေဟာ သုံးရွာပေါင်း မှ တစ်ရွာစာဘဲ ကျန်ခဲ့ပါတယ်။ မုန်တိုင်း မကျခင်အချိန်မှာ သက်ဆိုင်ရာက သတိ ပေး နှိုးဆော်ပေမဲ့ ရွာသားတွေက သတိမမူတဲ့ အတွက် အသေအပျောက် များခဲ့ပါတယ်။ ပင်လယ်စပ်နားက ရွာကို ကာကွယ်ပေးတဲ့ ရေကာတာ တာရိုးကိုအား ကိုးခဲ့တာကြောင့် (နှစ်စဉ် နှစ်တိုင်းမှာ ရေတက်တိုင်း တာရိုးကို ရေမကျော် နိုင်ခဲ့တာကြောင့်) ခပ်ပေါ့ပေါ့ဘဲ တွေးထားလိုက်ပေမဲ့ အုန်းပင် ပင်စည်မြုပ်တဲ့ အမြင့်ထိ တက်လာတဲ့ ပင်လယ် ရေလှိုင်းတွေ အောက်မှာ ရွာတွေ ပြားပြား မှောက်ခဲ့ရပါတယ်။ မုန်တိုင်း ထန်နေတုံးမှာ ရွာထဲက တိုက်အိမ်ကြီးတွေဆီ ပြေးဝင်ခိုလှုံခဲ့ကြ ပါတယ်။ ရွာထိပ်က ဘုန်းတော် ကြီး ကျောင်းဆီကို ပြေးဝင်ခဲ့ကြပါတယ်။ အဲဒီလို ပြေးလာတဲ့သူတွေ လောက်ဘဲ အသက်ရှင် ကျန်ခဲ့ကြပါတယ်။ ရေတွေ တက်လာတဲ့အတွက် ဘုန်းတော်ကြီး ကျောင်း အပေါ်ထပ် ထုတ်တန်း တွေပေါ် အထိ လူတွေ တွယ်တက်ပြီး နေခဲ့ကြပါတယ်။ ရေက မျက်နှာကျက် အမိုးနားထိ တက်လာလို့ ခနိအမိုးကို ဖျက်ပြီး ဘုန်းတော်ကြီးကျောင်း အမိုးပေါ်မှာ လူတွေ တက်နေခဲ့ရပါတယ်။ အမိုးပေါ်ရောက်တော့ လေပြင်းမုန်တိုင်း တိုက်တဲ့ အတွက် လူတွေ လွင့်ပါသွားကြ ပါတယ်။ ရေတွေ ဘယ်လောက်အထိ တက်သလဲဆိုရင် အုန်းပင်တွေ အကုန်လုံး ပင်စည်တွေ မမြင်ရဘဲ။ အုန်းရွက်နဲ့ အုန်းသီးတွေ အထိ ရေတက်ခဲ့ပါတယ်။ အုန်းလက်နဲ့ အုန်းပင်တွေကို အမိအရ ဖက်တွယ်ထားခဲ့ကြ ရပါတယ်။ တစ်ညလုံး အားရပါးရ တိုက်ခိုက်တဲ့ လေပြင်းနဲ့ ပင်လယ်ရေဟာ နောက်တစ်နေ့ နေ့လည် ပိုင်းမှာ ငြိမ်သက်ပြီး ပင်လယ်ရေလဲ ပြန်ကျသွားပါတယ်။ ရင်ခေါင်း လောက်ရှိတဲ့ ရေထဲမှာ အသက်ရှင်ကျန်ခဲ့သူတွေဟာ ဟိုပြေး ဒီအော်နဲ့ ပွက်လောရိုက် နေခဲ့ပါတယ်။ အသက်ရှင်ကျန်ခဲ့တဲ့ လူတော်တော်များများဟာ အပေါ် အကျီဘဲ ကျန်နေခဲ့ပြီး အောက်မှာ ဝတ်ထားတဲ့ ပုဆိုးတွေ ထမီတွေ အားလုံး ညက လေပြင်းနဲ့ ရေစီးထဲ ကျွတ်ပါ သွားခဲ့ကြပါတယ်။ တစ်ရွာလုံး မိမွေးတိုင်း၊ ဖမွေးတိုင်း ကိုယ်ဗလာကျင်းတွေနဲ့ ဖြစ်နေခဲ့ပါတယ်။ မိန်းမတွေဟာ ကိုယ်ခန္ဓာအောက်ပိုင်း လုံအောင် ရေထဲမှာ တစ်နေကုန် ထိုင်နေရပါတယ်။ ယောကျ်ား တွေနဲ့ ကလေးတွေက ရွာထဲမှာ ကျန်နေတဲ့ အဝတ်ပိုင်းတွေ ဆာလာ အိတ် အပိုင်းအစ တွေကို လိုက်ကောက်လာပြီး မိန်းမတွေ ဝတ်ဖို့ လာပေးရပါ တယ်။ အဝတ် အပိုင်းအစ တွေကို ကိုယ်အောက်ပိုင်းမှာ ပတ်ပြီး အသက်ရှင်ခဲ့တဲ့ သူတွေဟာ အသက်ဆက်ဖို့ စုရုံး နေကြရပါတယ်။ တစ်ရွာလုံးမှာ တိုက်အိမ် နှစ် အိမ်ဘဲ မပြိုလဲဘဲ ကျန်နေခဲ့တာ ဖြစ်ပါတယ်။ အဲဒီ တိုက်အိမ်တွေထဲမှာရှိတဲ့ စပါးကျီ ထဲက ဆန်တွေကို ရေနဲ့ ပြုတ်ပြီး စားခဲ့ရပါတယ်။ ဆန်တွေကလဲ ပင်လယ် ရေတွေ ဝင်လို့ ပုပ်စော်နံ နေပါတယ်။

ကယ်ဆယ်ရေး အဖွဲ့တွေ မရောက်လာမချင်း သူတို့ဟာ အဲဒီ ဆန်အပုပ်ကို ပြုတ်သောက် လာခဲ့ရပါတယ်။ ကျွန်းတိုင်ကြီးတွေနဲ့ အခိုင်အမာ ဆောက်ထားတဲ့

ရွာဦးက ဘုန်းတော်ကြီးကျောင်း အပါအဝင် အိမ်တွေ အားလုံး မုန်တိုင်းကြောင့် ပြားပြား မှောက်ခဲ့ရပါတယ်။ အခုတော့ ကယ်ဆယ်ရေးအဖွဲ့တွေ လာလှူတဲ့ ပစ္စည်းတွေနဲ့ ယာယီ တဲအိမ်လေးတွေ တန်းစီ ထိုးပြီး နေနေကြပါတယ်။ ဘုန်းတော်ကြီး ကျောင်းကို ဦးပဥ္စင်းတွေ ကိုယ်တိုင် အသစ်ပြန်ဆောက်နေကြ ပါတယ်။ ကျွန်တော်တို့ အဖွဲ့ရောက်လာတော့ ရွာထဲကရောဂါ ပေါင်းစုံနဲ့ လူနာ ပေါင်းစုံ အယောက်တစ်ရာ နီးပါး ဆေးလာကုကြပါတယ်။ ဆေး ကုသချိန် သုံးနာရီ နီးပါး ကြာခဲ့ပါတယ်။ မြစ်ဝကနေ အောင်ချမ်းသာရွာ ထဲကို မြစ်လက်တက် အတိုင်း စက်လှေနဲ့ လာခဲ့ကြတာ ဖြစ်ပြီး ရေမကျခင် အမှီပြန်ရမှာ ဖြစ်တဲ့အတွက် လူနာတွေကို မကုန်သေးခင်မှာ အပြီးသတ်ကုပြီး ပြန်ခဲ့ကြပါတယ်။ ရေကျသွားရင် စက်လှေ ပြန်ထွက်လို့ မရဘဲ၊ ကျွန်တော်တို့ တစ်ဖွဲ့လုံး ကပ်သမျင် ရွာကို ပြန်လို့ မရမှာ စိုးတဲ့အတွက် ဖြစ်ပါတယ်။ ရွာထဲကို ဝင်လာကတည်းက ဘုန်းတော်ကြီး ကျောင်းနားမှာနေပြီး မုန်တိုင်းကြောင့် လေဖြန်းသွားတဲ့ အသက် ၇၄နှစ်အရွယ် အဖိုးအို တစ်ယောက်ကို ဆေးကုသ စစ်ဆေးပေးဖို့ သူ့သား ကိုယ်တိုင် ဆရာဝန်ကို လာပင့်ပါတယ်။ ဘုန်းတော်ကြီးကျောင်းထဲမှာ ဆေးကုပြီး ပြန်အထွက်မှာ အဖိုးအိမ်ကို ဝင်ခဲ့ကြပါတယ်။ ပြန်ခါနီးမှာ မိုးကလဲ သည်းသည်း မည်းမည်း ရွာချပါတယ်၊ ကျွန်တော်တို့ တစ်ဖွဲ့လုံး ကစဥ့်ကလျားဖြစ်ပြီး နီးစပ်ရာ တဲအိမ်တွေပေါ် တက်ကာ အရေးပေါ် မိုးဝင်ခိုကြပါတယ်။ ဆရာဝန်ရယ် သူနာပြု တစ်ယောက်နဲ့ ကျွန်တော်ကတော့ အဖိုးအိုရဲ့ တဲထဲကို ရောက်အောင် သွားပြီး ဆေးကုသ စစ်ဆေးပေးခဲ့ပါတယ်။ မိုးစဲလို့ လှေဆိပ်ကို အဆင်းမှာ အပြန်လမ်း တလျှောက် ပြန်လာတဲ့ ကျွန်တော်တို့ တစ်ဖွဲ့လုံးကို ရွာသားတွေက 'အရမ်း ချောတယ်' လို့ ဝိုင်းပြောကြပါတယ်။

အမှန်အတိုင်း မရှက်တမ်း ဝန်ခံရရင် ကျွန်တော်က တော်တော် ရုပ်ဆိုး ပါတယ်။ ကျွန်တော်တို့ တစ်ဖွဲ့သားလုံးလဲ သိပ်ချောတဲ့သူတွေ မဟုတ်ပါဘူး။ နဂိုကတည်းက ရုပ် မရှိတဲ့အပြင် နေပြင်း လေပြင်းကြောင့် မွေးရာပါ မည်းတဲ့ အသားတွေက ငါးကျည်းခြောက် မှိုင်းတိုက်ထားသလို ညိုမည်းနေပါ တယ်။ ဒီလို လူတွေကို တစ်ရွာလုံးက "ချောတယ်" လို့ဝိုင်းပြောကြတော့ အမြှောက်ကြိုက်တဲ့ ကျွန်တော် ကတော့ သွားဖြဲပြီး ဟန်ပါပါ လက်ပြန် ပြခဲ့ပါတယ်။ လက်ကို အားရပါးရ မြှောက်အပြမှာ ဟန်ချက်ပျက်ပြီး ရွာလမ်းမ အလယ်မှာ ဘိုင်းကနဲ ပစ်လဲကျသွားပါတယ်။ ဘေးနားက အဖွားကြီး တစ်ယောက်က "ချောပါတယ် လို့ သတိပေးနေရဲ့ သားနဲ့ ကရုမှ မစိုက်တာကို လဲကျ တာတောင် နည်းသေးတယ်" လို့ ကျွန်တော့်ကို ထောမနာပြုပါတယ်။ ရှက် လိုက်တာ။ အခုမှ သဘောပေါက် မိတာက သူတို့ပြောတဲ့ ချောတယ်ဆိုတာ ကျွန်တော်တို့ အဖွဲ့ကို ရုပ်ရည် ချောမောလှပတာလို့ ပြောတာမဟုတ်ဘဲ မိုးရွာ ထားလို့ လယ်ကွက် ထဲက မြေတုံးတွေနဲ့ ယာယီ ဖို့ထားတဲ့ ရွာလမ်းမကြီးက ဗွက်ထပြီး ချောနေတာကို ချော် လဲမှာစိုးလို့ လမ်းချောနေတယ်လို့ သတိပေးတာ ဖြစ်ကြောင်း သဘော ပေါက် လိုက်မိ ပါတယ်။ ရေမကျခင် မြန်မြန်ပြန် ပါမယ်ဆိုမှ ရန်ကုန်က လိုက်လာတဲ့ ဇံဂေလိ ဆရာမ တစ်ယောက် လူနာ တစ်ယောက် အိမ်မှာ ကယ်တင်ခြင်းတရား ဟောရင်း ကျန်နေခဲ့ တာကို ဘယ်သူမှ သတိ မထားမိလိုက်ဘူး။ စက်လှေက ကမ်း ကခွာပြီးလို့ တော်တော် ဝေးဝေး ရောက်ပြီးမှ လူကျန်နေခဲ့တာကို သတိရပြီး ပြန်ခေါ်ရပါ သေးတယ်။ ညနေ ၅နာရီလောက်မှာ ကပ်သမျင်ရွာကို ပြန်ရောက်လာ ခဲ့ပါ တယ်။

ကပ်သမျင်ရွာမှာ ကျန်နေခဲ့တဲ့ **Stationary** အဖွဲ့က လူနာ အယောက် ၃၀၀ကျော်လောက် ကို ဆေးကုလိုက်ရပါတယ်။ အပင်ပန်းဆုံးကတော့ ဆရာဝန်နဲ့ သူနာပြုတွေပါဘဲ။ လူစားထိုးလို့ မရတဲ့အတွက် ဆေးကုနေရင်းနဲ့ ညနေစာ စားရပါတယ်။ ဆေး လာကုတဲ့ အမျိုးသမီးတွေကို ထမီ တစ်ထည်စီ လက်ဆောင် ပေးပါတယ်။ (အဲဒီ ထမီတွေက စင်ကာပူ အသင်းတော်က လှူထားတဲ့ ထမီတွေဖြစ်ပါတယ်။) အမျိုးသားတွေ အတွက်တော့ လုံချည် မရှိတော့တဲ့အတွက် လက်ဆောင် မပေး ဖြစ်ပါဘူး။ တစ်ချို့အမျိုးသားလူနာတွေက သူတို့ မိန်းမအတွက် ဆိုပြီး ထမီ တောင်းပါတယ်။ တစ်ချို့ အမျိုးသားလူနာ လူပျိုတွေက ထမီ လိုချင်တော့ မိန်းမ ရှိတယ်လို့ ညာပြောပြီး တောင်းယူပါတယ်။ စင်ကာပူက လိုက်လာတဲ့ သင်းထောက် လူကြီးက ထမီ ဝေတဲ့ တာဝန်ယူရတော့ ဘုမသိ ဘမသိ ပေးလိုက် မိပြီးကာမှ မိန်းမ မရှိမှန်းသိတဲ့ ရွာသား အချင်းချင်း ဝိုင်းပြောကြတော့ လူပျို လူနာက ရှက်ကိုးရှက်ကန်းနဲ့ အမေနဲ့ ညီမလေး အတွက်ဆိုပြီး ထမီကို မရ ရအောင် ယူသွား ပါသေးတယ်။

ရေမချိုးဖြစ်တာ နှစ်ရက်ရှိပြီ ဖြစ်တဲ့အတွက် ကပ်သမျင်ရွာမှာ ရေချိုးကြပါတယ်။ မြစ်ကမ်းနားမှာ အိမ်သာ ဆောက်ထားတာမို့ မြစ်ရေကို မချိုးချင်တဲ့အတွက် မိုးရွာတုံး ခံထားတဲ့ မိုးရေကို ချိုးဖြစ်ကြပါတယ်။ ဘိုကလေး မြို့ကို ပြန်ဖို့ မိုးချုပ်သွားပြီမို့ (ပြန်ရင် ၄ နာရီ ကျော်ကျော် စက်လှေ စီးရမှာ ဖြစ်တဲ့ အတွက်) ကပ်သမျင် ရွာမှာဘဲ တစ်ည အိပ်ဖို့ စီစဉ် ကြပါတယ်။ အဲဒီညမှာ သင်းအုပ် ဆရာက တစ်ရက်တာ အတွက် ကျေးဇူးတော်ချီးမွမ်းရင်းနဲ့ သက်သေခံဖို့ အခွင့် ပေးတဲ့ အတွက် ကျွန်တော် သက်သေခံဖြစ်ပါတယ်။ အဲဒီညမှာ သက်သေခံဖြစ်တဲ့ ကျွန်တော့်ရဲ့ သက်သေ ခံချက်လေးကို ပြန်ရေးပြရမယ်ဆိုရင်တော့ – " ကျွန်တော် စင်ကာပူမှာ အလုပ် ကြမ်းသမား ဘဝနဲ့ အလုပ် လာလုပ်တာ ၁၂နှစ် ရှိပါပြီ။ ခွင့်နဲ့ ရန်ကုန်ကို ၂နှစ် တစ်ခါ ပြန်ဖြစ်ပေမဲ့ ရန်ကုန်မြို့ပေါ်က လွဲရင် ဘယ်နေရာကို မှ ဝေးဝေးလံလံ မသွားဖြစ်ခဲ့ပါဘူး။ စင်ကာပူကို မလာခင်တုံးက ဇံဂေလိ သွားခဲ့ဖူးတဲ့ ကလော၊ တောင်ကြီး၊ လွိုင်ကော်မြို့တွေကို တစ်ခေါက်မှ ပြန် မရောက် ဖြစ်လို့ မိတ်ဆွေ ဟောင်းတွေက ကျွန်တော့်ကို သွေးကြီး ပြီး သူတို့ဆီ မလာ တော့ဘူးလို့ ဝိုင်းပြောကြပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ဘယ်ခရီးဝေးမှ မထွက်ဖြစ်ဘဲ ရန်ကုန်မှာ နေပြီး စင်ကာပူကို ခွင့်ရက်စေ့လို့ ပြန်လာ ဖြစ်တာ များပါတယ်။ အခုလို ဆိုင်ကလုန်း နာဂစ် ဖြစ်မှဘဲ ဘိုကလေးမြို့ တဝိုက်က သဘာဝ ဘေးဒဏ်ခံရတဲ့ ရွာတွေကို ဆေးဝါး အခမဲ့ ကုသပေးတဲ့အဖွဲ့နဲ့ လိုက်ဖြစ်ခဲ့ပါတယ်။ ဒီလို လိုက်လာတာဟာဖြင့် ၁၂နှစ် ကာလအတွင်းမှာ မြန်မာပြည်ထဲကို ခရီးအဝေးဆုံး ထွက်ဖြစ်ခဲ့ခြင်းပါဘဲ။ နောက် တစ်ခုက ကျွန်တော်တို့ မျိုးရိုးဟာ သူနာပြု မျိုးရိုး လို့ပြောရင် မမှားပါဘူး။ ကျွန်တော့် ဆွေမျိုးအရင်းအချာတွေထဲက စုစုပေါင်းလူ ၉ ယောက်ဟာ ကျန်းမာရေး ဝန်ထမ်း သူနာပြုတွေ ဖြစ်ကြပါတယ်။ ကျွန်တော် ကတော့ လိုင်းကြောင်ပြီး သူနာပြု အလုပ်ကို မလုပ် ဖြစ်ပေမဲ့ အခုလို စင်ကာပူ မြန်မာ တိုင်းရင်းသားပေါင်းစုံ တက်ရောက်တဲ့ နှစ်ခြင်း အသင်းတော်က သဘာဝ လေ ဘေးဒဏ်ခံနေရတဲ့ သူတွေကို အခမဲ့ ဆေးဝါးကုသ ပေးတဲ့ သာသနာ ခရီးစဉ်မှာ ကျွန်တော့်ရဲ့ သူနာပြုအမျိုးတွေ တစ်ယောက်မှ မလိုက်နိုင် တဲ့အတွက် သူတို့ ကိုယ်စား ကျွန်တော် လိုက်လာရခြင်းပါ။ ဆေး မကုတတ်ပေမဲ့ ကျွန်တော် လုပ် ဆောင်နေတဲ့ စာပေအားဖြင့် သဘာဝ ဘေးဒဏ်ခံနေရတဲ့ မြန်မာ တိုင်းရင်းသား တွေရဲ့ ဘဝမှန်ကို စေတနာရှင်များသိပြီး ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်တတ်ဖို့ ငါ့ညီတို့တွင် အငယ်ဆုံးသူကို ပြုစုခြင်းဟာ ငါ့ကို ပြုစုခြင်းဖြစ်တယ် ဆိုတဲ့ သခင်ယေရှုခရစ်တော်ရဲ့ ဒေသနာတော်အတိုင်း ဒုက္ခ ဝေဒနာခံနေရ တဲ့ သူ တွေကို ကူညီနိုင်စေဖို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံခဲ့ရတဲ့ ဒုက္ခသည်များရဲ့ ဘဝကို စင်ကာပူ ပြန်ရောက်တဲ့အခါ စာပေအားဖြင့် သက်သေခံ ရေးသားပါ့မယ် လို့ သက် သေခံခဲ့ပါတယ်။ "

တစ်နေ့တာ ပင်ပန်းခဲ့သမျှ အတိုးချ အိပ်စက်ဖို့ ကပ်သမျင်ရွာက သင်းအုပ် ဆရာရဲ့ အိမ် အပေါ်ထပ်မှာ အမျိုးသမီးများက နေရာယူ၊ အောက်ထပ်မှာ ကျွန်တော်တို့ အမျိုးသားများက နေရာယူပြီး အိပ်စက်ခဲ့ကြပါတယ်။ တစ်နေ့တာ သွားခဲ့သမျှ စားမြဲ့ပြန် စဉ်းစားမိတဲ့အခါမှာ ရသ နှစ်ခုကို ခံစား လိုက်ရပါတယ်။ သဘာဝ ဘေးဒုက္ခသည်တွေရဲ့ မိကွဲ၊ ဖကွဲ၊ သားကွဲ၊ မယားကွဲ၊ ညီအစ်ကို မောင်နှမတွေကွဲ၊ ချစ်သူခင်သူတွေကွဲကွာ သေဆုံးရခြင်း၊ ပစ္စည်းဥစ္စာ အိမ်ယာများ ပျက်စီး ဆုံးရှုံးသွားရခြင်းကို တွေ့မြင်ခဲ့ရတဲ့အတွက် ထိုသူများအပေါ် ကိုယ်ချင်းစာနာ သနားကြင်နာ စိတ်များဖြစ်ပေါ်ကာ ကရုဏာ ရသ ကိုခံစား ရသ လို ထို ဒုက္ခသည်များကို ဖေးမကူညီ ပေးကမ်းလှူဒါန်း ခွန်အားပေးကြကုန်သော စေတနာ ရှင် လူတန်းစား အသီးသီးကို တွေ့ခဲ့ရတဲ့အတွက် ထိုသူများနှင့် ထပ်တူထပ်မျှ ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ပီတိ ရသ ခံစားလိုက်မိပါတယ်။ ကျမ်းစာထဲမှာ "မသာအိမ်သို့ သွားခြင်းသည် ပွဲခံရာအိမ်သို့ သွားခြင်းထက် သာ၍ ကောင်း၏။ ဒေသနာ၇း၂" တဲ့။ "ဆင်းရဲသောသူ၏ အော်ဟစ်သံကို မကြားလို၍ နားကို ပိတ်သောသူသည် ကိုယ်တိုင် အော်ဟစ်၍ အဘယ်သူမျှ မကြားရ။ သုတ္တံ၂၁း၁၃"တဲ့။ "ဆင်းရဲသားတို့ကို မထီလေးစားပြုသောသူသည် ဖန်ဆင်းတော်မူသော ဘုရားကို ကဲ့ရဲ့၏။ သုတ္တံ ၁၇း၅"တဲ့။ ။ (ရှေ့လဆက်ရန်) **(မင်းအောင်သက်လွင်)**

---

"သခင့်စကား"စာစောင်အား '၇'နှစ် ပြည့်သည့် တိုင်အောင် ထုတ်ဝေခွင့် ရခဲ့သည့် အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို အထူး ချီးမွမ်းပါသည်။ ဖတ်ရှု၊ ရေးသား ဖြန့်ဝေ လှူဒါန်းကြသူ အားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။

စာရေး၊ စာဖတ် ပရိတ်သတ် အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။

(နိုင်ငံရေး၊လူမျိုးရေး၊ဂိုဏ်းဂဏနှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝလက်မခံပါ)

**Min Aung Thet Lwin, 142A Changi Road, Singapore 419724**

E-mail; **min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

**မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်**